ဗေဒ္ဒာနီကျေးရွာ
လောင်းစင်ကျေးရွာအုပ်စု၊
မိုးကုတ်မြို့နယ်

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (၂၀၂၁-၂၀၂၅)

ပြုစုရေးဆွဲသူ
ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
ဗေဒ္ဒာနီကျေးရွာ၊ မိုးကုတ်မြို့နယ်

(မိုးကုတ်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)
၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ

မာတိကာ

၁. မိုးကုတ်မြို့နယ်၊ လောင်းစင်ကျေးရွာအုပ်စု၊ ဗေဠာနီကျေးရွာ၏သယံဇာတပြမြေပုံ ၃

၂. မိုးကုတ်မြို့နယ်၊ လောင်းစင်ကျေးရွာအုပ်စု၊ ဗေဠာနီကျေးရွာ၏ရာသီခွင်ပြ ပြက္ခဒိန် ၄

၃. မိုးကုတ်မြို့နယ်၊ လောင်းစင်ကျေးရွာအုပ်စု၊ ဗေဠာနီကျေးရွာ၏လက်ရှိဖွံ့ဖြိုးမှု အခြေအနေများ ၅

၃.က ။ တည်နေရာနှင့်ပထဝီ အနေအထား ၅

၃. ခ ။ ရာသီဥတုနှင့်သဘာဝအရင်းအမြစ်များ ၅

၃. ဂ ။ ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှု အခြေအနေ ၅

၃. ဃ။ စီးပွားရေးနှင့်အသက်မွေးမှုအခြေအနေ ၆

၃. င။ အခြေခံအဆောက်အဦးနှင့်ဝန်ဆောင်မှုများ ၇

၃. စ။ ပညာရေး ၇

၃.ဆ။ ကျန်းမာရေး ၈

၃.ဇ ။ ဘေးအန္တရာယ်များနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ၈

၃.ဈ ။ ကျား - မရေးရာ ၈-၉

၄။ ဦးစားပေးဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်းများ ၁၀

နောက်ဆက်တွဲများ

. နောက်ဆက်တွဲ ၁ ကျေးရွာဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုဇယား ၁၀-၁၂

. နောက်ဆက်တွဲ ၂ ကျေးရွာဖွံ့ဖြိုးရေးကော်မတီစာရင်း ၁၃

. နောက်ဆက်တွဲ ၃ ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ ၁၄-၁၄

၁. မိုးကုတ်မြို့နယ်၊ လောင်းစင်အုပ်စု၊ ဗဒ္ဓဂါနီကျေးရွာ၏သယံဇာတပြမြေပုံ



၂. မိုးကုတ်မြို့နယ်၊ လောင်းစင်ကျေးရွာအုပ်စု၊ ဗေဒင်နီကျေးရွာ၏ ရာသီခွင်ပြ-ပြကွဒိန်



၃. မိုးကုတ်မြို့နယ်လောင်းစင်ကျေးရွာအုပ်စု၊ ဗေဒွာနီကျေးရွာ၏လက်ရှိဖွံ့ဖြိုးမှုအခြေအနေများ

၃.က ။ တည်နေရာနှင့်ပထဝီအနေအထား

ဗေဒွာနီကျေးရွာသည် မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ မိုးကုတ်မြို့နယ်တွင် ပါဝင်ပြီး မိုးကုတ်-မန္တလေးလမ်းမကြီးနှင့် (၈)မိုင်ခန့်အကွာတွင်တည်ရှိပြီး မိုးကုတ်မြို့နှင့် (၁၅မိုင်၄ဖာလုံ) ခန့်ကွာဝေးသည်။ မြောက်လတ္တီတွဒ် (၂၂ ၅၃')၊ အရှေ့လောင်ဂျီတွဒ် (၉၆ ၂၁') တွင်တည်ရှိ ပါသည်။ တောင်ပေါ်ဒေသဖြစ်ပြီး လီဆူ၊ ဗမာလူမျိုးများ စုပေါင်းနေထိုင်ကြသည့်ကျေးရွာဖြစ်ပြီး ပင်လယ်ရေ မျက်နှာပြင်အထက် ပေ(၃၅၀၀) ကျော်အထက်တွင်တည်ရှိပြီး ပတ်ဝန်းကျင်ကျေးရွာများဖြစ်ကြသော လောင်းစင်ကျေးရွာနှင့် ဆက်သွယ် ထားပါသည်။ ဗေဒွာနီကျေးရွာသည် ကုန်သွယ်ရေး၊ လမ်းပန်းဆက်သွယ်ရေးနှင့် အခြားလူမှုစီးပွားရေးအတွက် ဤလမ်းမကြီးကို အဓိကအားထားသော ကျေးရွာဖြစ်သည့်အလျောက် ကျေးလက်ဒေသများဖွံ့ဖြိုး တိုးတက် ရေးအတွက် လမ်းမကြီးကို ပိုမို ကောင်းမွန်တိုးတက်အောင် ဆောင်ရွက်ရန် အထူးလိုအပ်ပါသည်။

၃.ခ ။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်

ဗေဒွာနီကျေးရွာသည်မိုးများပြီး သင့်တင့်သော ရာသီဥတုမျိုးရရှိသည့် ဒေသတခုဖြစ်သည်။ တောင်တန်းဒေသဖြစ်ပြီး ညီညာကျယ်ပြန့်သောစိုက်ပျိုး လယ်(၅၃)ဧက၊ ယာ/တောင်ယာ(၈၃)ဧကနှင့် ဥယျာဉ်ခြံမြေ (၂၁)ဧကသာရှိပြီး မြေဆီလွှာအရည်အသွေးကောင်းမွန်သည်။ စိုက်ပျိုးရေးအနေဖြင့် သဘာဝ စိမ့်စမ်းရေကို အသုံးပြု၍ စိုက်ပျိုးကြသည်။ ဗေဒွာနီကျေးရွာတွင်စပါးကို အဓိကထားစိုက်ပျိုးကြပြီး အထွက်နှုန်း များအနေဖြင့် (၁)ဧကလျှင် (၅၀-၆၀)နှုန်းထွက်သည်။ အခြား ပင်မှည့်၊ထောပတ်နှင့် လိုင်ချီးပင်များကိုလည်း စိုက်ပျိုးကြပါသည်။ ဆေးဖက်ဝင်အပင်များလည်း အနည်းငယ်ရှိပါသည်။

၃.ဂ ။ ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှု အခြေအနေ

ဗေဒွာနီကျေးရွာတွင် လူမှုရေးကို အခြေခံထားသောအဖွဲ့ (၇)ဖွဲ့ရှိသည်။ ဘာသာရေး၊ လူမှုရေး ယဉ်ကျေးမှုနှင့်စီးပွားရေးကို အခြေခံထားသောဝိုင်းဝန်းလုပ်ဆောင်ကြသည်။ ကျန်းမာရေးကို အခြေခံသော အဖွဲ့ မတွေ့ရဘဲ အချို့သော ရွာတွင်းကာကွယ်ဆေးတိုက်လုပ်ငန်းတွင် ရပ်မိရပ်ဖကူညီမှုရှိသည်။ ကျေးရွာ၏ လူမှုရေးအဖွဲ့တွင် ကျေးရွာလူငယ်မောင်မယ် (အပျိုလူပျို) အဖွဲ့တို့ပါဝင်သည်။ အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့တို့သည် အမျိုးသမီးများ ကိုယ်တိုင်ဦးဆောင်သော အမျိုးသမီးအဖွဲ့များ ဖြစ်ကြသည်။ ကျေးရွာတွင် လူမှုကူညီရေးအဖွဲ့သီးသန့်ဖွဲ့စည်းထားခြင်းရှိသည်၊ ကျေးရွာတွင် စီးပွားရေးကို အခြေခံသော အဖွဲ့ အစည်းငွေစုငွေချေးအသင်းများမရှိ။ ကျေးရွာတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီး ဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်သောမြစိမ်းရောင်ချေးငွေမရှိပါသေးပါ။ စိုက်ပျိုးရေးဘဏ်မှ ထုတ်ချေး ငွေသည် ပုံစံ(၇) မရှိသော တောင်သူများ အဖို့ကန်သတ်မှုရှိသောကြောင့် ချေးငွေ လုပ်ငန်းများ လိုအပ်သည်။ အကယ်၍ အစိုးရဝန်ကြီးဌာနမှ ဒေသတွင်းချေးငွေလုပ်ငန်းများကို တရားဝင်မှတ်ပုံ တင်ပေးပြီး အစိုးရအတိုးနှုန်း နှင့်ကွာဟမှုမများသော အတိုးနှုန်းအဖြစ် ထိန်းညှိပေးခြင်းဖြင့် သော်လည်းကောင်း၊ အစိုးရ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုး

တက်ရေးဦးစီးဌာနမှ ကျေးရွာများဖွံ့ဖြိုးတိုးတက်ရေးအတွက် ငွေးကြေးဝန်ဆောင်မှု အသစ်များချပေးခြင်းဖြင့် သော်လည်းကောင်း ပြုလုပ်ပေးမည်ဆိုပါက ကျေးရွာ၏စီးပွားရေး အလျင်အမြန် ဖွံ့ဖြိုးတိုးတက် လာမည်ဖြစ်ပါသည်။လူငယ်လူရွယ်များနှင့် အမျိုးသမီး အုပ်စုများအား ကျေးရွာ၏အုပ်ချုပ်ရေး နှင့် ဦးဆောင်မှုအပိုင်းတွင် ပါဝင်ဆောင်ရွက်နိုင်စေရန်တာဝန်ခွဲဝေခြင်း၊ ပူးပေါင်းဆောင်ရွက်အားဖြင့် ကျေးရွာ ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်သည်။

၃.ဃ ။ စီးပွားရေးနှင့်အသက်မွေးမှု အခြေအနေ

စိုက်ပျိုးရေးသည်ကျေးရွာ၏ အဓိကလုပ်ငန်းဖြစ်ပြီး တစ်ရွာလုံး၏ဝင်ငွေ အနေအထားမှာ သာမန်အားဖြင့် လျော့နည်းသည်။ ဓနအဆင့်သတ်မှတ်မှုအရ ချမ်းသာသောအိမ်ထောင်စု ဦးရေသည် အိမ်ထောင်စု အားလုံး၏ (၁၇.၃%)သာရှိပြီး အလယ်အလတ်ရှိသောမိသားစု (၃၆.၅%) ရှိသည်။ ဆင်းရဲ(၂၆.၉%)နှင့် အလွန်ဆင်းရဲအဆင့်မိသားစု(၁၉.၂%)ရှိသည်။ ချမ်းသာသောမိသားစုများသည် လယ်ယာစိုက်ပျိုးရေးလုပ်ငန်း အပြင် အရောင်းအဝယ် လုပ်ငန်း အိမ်ဆိုင်(စျေးရောင်း) လုပ်ငန်းများကို တွဲဖက်လုပ်ကိုင်ကြသည်။ စိုက်ပျိုးမြေ ပိုင်ဆိုင်မှုအားဖြင့် အများစုမှာ လယ်(၅၃)ဧက၊ ယာ/တောင်ယာ(၈၃)ဧကနှင့် ဥယျာဉ်ခြံမြေ (၂၁)ဧကသာရှိပြီး မြေဆီလွှာ အရည်အသွေးအသင့်အတင့်ရှိသည်။ အဆင်ပြေသောမိသားစုများသည် အများအားဖြင့် စိုက်ပျိုးမြေ (၂.၅) ဧကမှ (၇)ဧကအကြား ပိုင်ဆိုင်ကြပြီး စိုက်ပျိုးရေးကိုအဓိက လုပ်ကိုင်ကြသည်။ တွဲဖက်လုပ်ငန်းများ အဖြစ် အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင် ကြသည်။ အဆင်မပြေသောမိသားစုအများမှာ စိုက်ပျိုးရေး လုပ်ငန်းတွင် အငှားဝင်လုပ်ခြင်း(သူရင်းငှား)၊ နွေစားလိုက်ခြင်းနှင့် ပြင်ပတွင်ထွက်၍လုပ်ကိုင်ခြင်း၊ ကျပန်း လုပ်ခြင်းဖြင့် စားဝတ်နေရေးအတွက် ဖြေရှင်းကြရသည်။ ကျေးရွာတွင် နှစ်ရှည်ခြံစိုက်ပျိုးခြင်းလုပ်ငန်းကို အဓိကထားစိုက်ပျိုးကြသည်။ မျိုးစေ့၊ ပျိုးပင်အနေဖြင့်မိရိုးဖလာ နည်းလမ်းများဖြင့်သာ စိုက်ပျိုးကြ သည်။ စိုက်ပျိုးရေးနည်းပညာဝန်ဆောင်မှုများ ပံ့ပို့မှုအားနည်းသည်။ စိုက်ပျိုးရေးသွင်းအားစုတွင် မျိုးကောင်းမျိုးသန့် ရရှိနိုင်မှု ၊စိုက်ပျိုးရေးအတွက် နည်းပညာများပို့ချနိုင်လျှင် ပို၍တိုးတက်လာနိုင်မည် ဖြစ်ပါသည်။

ဗေဒ္ဒာနီကျေးရွာတွင် တစ်ပိုင်တစ်နိုင်အနေဖြင့် ဝက်၊ ကြက်၊ ဘဲတို့ကိုလည်း မွေးမြူကြပါသည်။ လယ်ယာစိုက်ပျိုးရေးအတွက် ကျွဲ(၃၁) ကောင် မွေးမြူထားပါသည်။ ငါးမွေးသည့် အိမ်ထောင်စု မရှိပါ။ မိရိုး ဖလာ အရ စိုက်ပျိုးရေးတမျိုးတည်းကိုသာ အဓိက အားထားသောကြောင့်လည်းကောင်း၊ မွေးမြူရေးဆိုင်ရာ ဗဟုသုတ အားနည်းခြင်းကြောင့်လည်းကောင်း၊ မွေးမြူရေးနည်းပညာနှင့်ဝန်ဆောင်မှု လက်လှမ်း မမီသော ကြောင့်လည်းကောင်း၊ စီးပွားရေးအရ တွက်ခြေကိုက်ပြီး မွေးမြူရေး လုပ်ငန်းကိုလုပ်ကိုင်မှု အားနည်းသည်။ လက်ရှိအခြေ အနေတွင် ကျေးရွာတောင်သူအချို့ မျိုးတိရိစ္ဆာန်မွေးမြူရေး လုပ်ငန်းကို စိတ်ဝင်စားမှု ရှိနေကြပြီး မိမိတို့၏ပုဂ္ဂလိကပိုင်မြေကွက်များအပေါ်တွင် စီးပွားဖြစ် စမ်းသပ်မွေးမြူလိုသော ဆန္ဒများရှိကြသည်။ သို့ဖြစ်ပါ၍ မွေးမြူရေးနည်းပညာ၊ မျိုးစိတ်များနှင့် ငွေကြေးဆိုင်ရာဝန်ဆောင်မှုများ ပံ့ပိုးပေးခြင်းဖြင့် ကျေးရွာ လူထု၏ အလုပ်အကိုင်ရှားပါးမှုပြဿနာများကို ကူညီဖြေရှင်းပေးနိုင်သည်။

၃.၈ ။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ (လမ်းတံတား၊အခြားအခြေခံအဆောက်အဦများ လျှပ်စစ်စွမ်းအား၊ သတင်းနှင့်ဆက်သွယ်ရေး)

ဗေဒွာနီကျေးရွာတွင် အခြေခံအဆောက်အဦများဖြစ်သည့် ဘာသာရေးကျောင်း၊ မူလတန်းကျောင်း စသည်တို့ရှိသည်။ ကျေးရွာသည် မန္တလေး-မိုးကုတ်လမ်းမကြီး နှင့် (၈)မိုင်အကွာဝေးပြီး မြို့နယ်အတွင်း အခြားကျေးရွာ/ရပ်ကွက်များသို့ ကား၊ ဆိုင်ကယ်တို့ဖြင့် အလွယ်တကူ ဆက်သွယ်သွားလာနိုင်သည်။ ကျေးရွာတွင်းရှိ လမ်းများမှာ မြေသားလမ်းများဖြစ်သည်။ ပွင့်လင်းရာသီတွင် ကား၊ ဆိုင်ကယ်၊ ထော်လာဂျီများ သွားလာရ လွယ်ကူပြီး မိုးအခါ၌ ရွံ့ညွန်များပေါများပြီး သွားလာရခက်ခဲသည်။ အခြားဒေသများနှင့် ကုန်သွယ်ရေး အတွက် ရေကြောင်းလမ်း၊ မီးရထားလမ်း မရှိသောကြောင့် ကား၊ ထော်လာဂျီနှင့် ဆိုင်ကယ်များကိုသာ အသုံးပြုကြသည်။ ကျေးရွာတွင် သယ်ယူပို့ဆောင်ရေးအတွက် ဆိုင်ကယ်ကို အဓိကထားအသုံးပြုကြသည်။ ထော်လာဂျီ(၃)စီးနှင့် ကား(၂)စီးရှိပါသည်။ ဗေဒွာနီကျေးရွာတွင် မဟာဓါတ်အားလိုင်းရှိသည့်အတွက် လျှပ်စစ်မီးအတွက် အဆင်ပြေချောမွေ့ပါသည်။ ဗေဒွာနီကျေးရွာတွင် ဆက်သွယ်ရေးတာဝါတိုင်များနှင့် လက်လှမ်းမှီမှုမရှိသဖြင့် ဖုန်းဆက်သွယ်ရာတွင် အနည်းငယ်လိုင်းပြတ်တောက်ပြတ်တောက်ရှိပါသည်။ အင်တာနက်လိုင်းသည်လည်း ကောင်းမွန်ခြင်းသိပ်မရှိပါ။

၃.၉ ။ ပညာရေး

ဗေဒွာနီကျေးရွာတွင် လူဦးရေအများစုမှာ အလယ်တန်းအဆင့်ရှိသူများ ဖြစ်ကြသည်။ ကျေးရွာတွင် မူလတန်းနှင့် အလယ်တန်းကျောင်းသား အများစုသာ တွေ့ရှိရပြီး အထက်တန်းကျောင်းသား (၇)ဦးနှင့် တက္ကသိုလ်ကျောင်းသူ/သား တက်ရောက်ခြင်းမရှိပါ။ ဗေဒွာနီကျေးရွာတွင် မူလတန်းကျောင်းအဆင့်သာ ရှိသောကြောင့် အလယ်တန်းနှင့် အထက်တန်းပညာသင်ကြားနိုင်ရန် အဆင်ပြေသည့်ကျေးရွာတွင် သွားရောက် တတ်ရောက်ကြရသည်။ ဗေဒွာနီကျေးရွာတွင် ပညာရေးအခက်အခဲ အနည်းငယ်သာရှိသည်။ ကျေးရွာတွင် အိမ်တွင်းမှု ထုတ်ကုန်လုပ်ငန်းမရှိပါ။ အခြားဝင်ငွေရ လုပ်ငန်းများမှာ မျှစ်စို၊ မျှစ်ချဉ်၊ သွယ်ယူပို့ဆောင်ရေး၊ စျေးရောင်း၊ လက်သမား/ပန်းရံလုပ်ငန်း(အနည်းငယ်)၊ နေ့စားလုပ်ငန်း တို့ဖြစ်ကြသည်။ လုပ်ငန်းအများစုမှာ ရာသီဥတုနှင့် အမျိုးအစားကိုလိုက် လုပ်ကိုင်ကြရသည်။ စိုက်ပျိုးရေးရာသီချိန်တွင် ပဂ္ဂလိက စိုက်ခင်းများမှ လက်လုပ်လက်စားများအား စျေးပြိုင် ပေးလုပ်သားခေါ်ယူမှုကြောင့် ခြံစိုက်တောင်သူများအဖို့ လုပ်သား ငှားရမ်းခကြီးမားခြင်း၊ လုပ်သားရှားပါးခြင်းများရှိသော်လည်း လက်လုပ်လက်စားများအတွက် အဆင်ပြေ ကြသည်။ ကျန်အချိန်များတွင် အလုပ်အကိုင်ရှားပါးခြင်း၊ ဝင်ငွေမမှန်ခြင်းကြောင့် တွက်ခြေကိုက်မှု နည်းပါး သည်။

ကျေးရွာတွင် အလုပ်လုပ်နိုင်သူ (၁၀၀)ခန့်ရှိပြီး ကျေးရွာအတွက် အရင်းအမြစ် အသင့်အတင့်ကောင်း သည်ဟု ဆိုနိုင်သည်။ မြို့ပေါ်တွင် သက်မွေးဝမ်းကျောင်းသင်တန်း အချို့ကို ဝန်ဆောင်မှုပေးလျက်ရှိသည်။ အပ်ချုပ်၊ ဇာထိုးပန်းထိုး၊ အလှပြင်၊ မုန့်လုပ်နှင့် ချက်ပြုတ်နည်း သင်တန်းစသည့် အိမ်တွင်းမှုသင်တန်းများ၊ ကားမောင်းသင်တန်းများ၊ မော် တော်ဆိုင်ကယ်ပြင်၊ ကားပြင်၊ ဝပ်ရှော့ ကဲ့သို့သော စက်ပြင်သင်တန်းများ၊ ကွန်ပြူတာ သင်တန်း၊ ကွန်ပြူတာနှင့် မိုဘိုင်ဖုန်းပြုပြင်ရေး သင်တန်းများ၊ ဒိုင်နမို၊ မော်တာစသော အီလက်ထရောနစ်ဆိုင်ရာ ပစ္စည်းများပြုပြင်ရေး သင်တန်းများ လက်သမား၊ ပန်းရံစသောဆောက်လုပ် ရေးသင်တန်းများ ဝန်ဆောင်မှုရှိ

သော်လည်း အချိန်ပေးနိုင်မှု အားနည်းခြင်း၊ စားဝတ်နေရေး အခြေအနေကြောင့် ရွာသားအများစုသည် အဆိုပါ သင်တန်းများသို့ တက်ရောက်နိုင်ခြင်း မရှိချေ။သို့သော် အသက်မွေးဝမ်းကျောင်း ကျွမ်းကျင်မှုများ၌ နိမ့်ကျဆဲဖြစ်ပြီး လူငယ်လူရွယ်များ အလုပ်အကိုင် အခွင့်အလမ်း နည်းပါးခြင်း ရှိနေဆဲ ဖြစ်ကြောင်းတွေ့ရသည်။

၃.ဆ ။ ကျန်းမာရေး

ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲမရှိပါ။ရွာသားအများစုသည် သာမန်အားဖြင့် ကျန်းမာရေး ကောင်းမွန်ကြပြီး အာဟာရ ပြည့်ဝမှု ရှိကြသည်။ ကလေးငယ် အများစု လည်း ကျန်းမာကြသည်။ မွေးကင်းစ ကလေးငယ်များ အသေအပျောက်နည်းပါးသည်။ ကျန်းမာရေး ဝန်ဆောင်မှုအနေဖြင့် မွေးကင်းစကလေးများ၊ ကိုယ်ဝန်ဆောင် အမျိုးသမီးများအား အခါ အားလျော်စွာ ကာကွယ်ဆေးထိုးခြင်း၊ ကာကွယ်ဆေးတိုက်ခြင်း တို့ကို ပြုလုပ်ပေးသည်။

ကျေးရွာတွင် ကျန်းမာရေးဝန်ထမ်း သားဖွားဆရာမနှင့်ကျေးရွာဆေးခန်းမရှိပါ၊ ကျေးရွာအတွင်း အမျိုးသမီးများ၊လူငယ်လူရွယ်များနှင့် သက်ကြီးရွယ်အိုများအတွက်အခြေခံ ကျန်းမာရေးစောင့် ရှောက်မှုကို ကျပ်ပြင် တိုက်နယ်ဆေးရုံတွင်သွားရောက်ကုသခဲ့ပါသည်။ တိုက်နယ်ဆေးရုံနှင့် (၁၅)မိုင်ခန့်ကွာဝေးပြီး၊ ဆေးဆိုင်များနှင့် လက်လှမ်မီသည်။ ကျေးရွာသားများ သာမာန်အားဖြင့် ကျန်းမာကြသော်လည်း အခြေခံ ကျန်းမာရေး အသိပညာပေးမှုများ၊ ကလေး၊ လူကြီး၊ အမျိုးသမီးမကျန် ကျန်းမာရေးဆိုင်ရာ စောင့်ရှောက်မှုနှင့် ကုသရေး အပိုင်းတွင် နှောင့်နှေးလျက်ရှိသေးသည်ကိုတွေ့ရသည်။

၃.ဇ ။ ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

ဗဒ္ဒာနီကျေးရွာတွင် စိုက်ခင်းများ၌ ဖျက်ပိုးများကျရောက်တက်ခြင်းကြောင့် ပိုးသတ်ဆေးနှင့် ဓာတုမြေဩဇာ သုံးစွဲမှုများပြားလာသဖြင့် မြေဆီလွှာအရည်အသွေး ကျဆင်းလာ နိုင်သည်။ တောင်သူများ အနေဖြင့် ဘက်စုံပိုးမွှားနှိမ်နှင်းရေးစနစ်အစား ဓာတုပိုးသတ်ဆေးများကိုသာ အသုံးပြုမှုများပြားသည်။ ကျေးရွာတွင် ချောင်းမြောင်းမရှိဘဲ စိမ့်စမ်းရေကိုသာ သုံးစွဲကြပါသည်။ စွန့်ပစ်ပစ္စည်းများ စီမံခန့်ခွဲမှုတွင်လည်း ပလပ်စတစ် အိတ်ခွံ၊ ဗူးခွံ၊ ပုလင်းခွံများ စနစ်တကျ မစွန့်ပစ်ကြသဖြင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အသိပညာပေး လုပ်ငန်းများ မြှင့်တင် ဆောင်ရွက်ပေးသင့်သည်။ ကျေးရွာသည် မြစ်နှင့်ဝေးခြင်း၊ မြို့နယ်အတွင်း အမြင့်ပိုင်း တစ်နေရာတွင် တည်ရှိခြင်းတို့ကြောင့် တောင်တန်းထူထပ်သောဒေသဖြစ်ခြင်း၊ ကုန်တွင်ပိုင်းဖြစ်ခြင်း တို့ကြောင့် မုန်တိုင်း အန္တရာယ် နည်းပါးသည်။ ထိခိုက်မှုနည်းပါးသည်။

၃.စျ ။ ကျား - မရေးရာ

ကျေးရွာတွင် ပညာရေးဆိုင်ရာ ကိန်းဂဏန်းအချက်အလက်များအရ မူလတန်း၊ အလယ်တန်း၊ အထက်တန်းတွင် မအမျိုးသမီးဦးရေသည် အမျိုးသားဦးရေထက် အနည်းငယ်လျော့နည်းပြီး၊ တက္ကသိုလ်နှင့် ဘွဲ့ရများတွင် အမျိုးသမီးဦးရေကပိုများသည်။ ထိုကြောင့် ပညာသင်ကြားရေးအပိုင်း၌ အမျိုးသမီး များ အမျိုးသားများနဲ့ တန်းတူ အခွင့်အရေးရကြသည်။ သို့သော်အချို့အလုပ်အကိုင်များနှင့် နေ့စား လုပ်ငန်း ခွင်တွင် တစ်နေ့

တာကုန်ဆုံးခြင်း၊ ခွန်အား စိုက်ထုတ်မှုတူသော်လည်း လုပ်ခလျော့ပေးခြင်း ခံရလျက်ရှိသည်။ ရပ်ရေးရွာရေးကိစ္စများ၌ အမျိုး သမီးများပါဝင်နိုင်မှုအခွင့်အရေးရှိသည်။ ကျေးရွာ လူမှုရေးအဖွဲ့တွင် အမျိုးသမီးများ အမျိုးသားများနဲ့ တန်းတူပါဝင်ဆောင်ရွက်လျက်ရှိသည်။ ကျေးရွာ အတွင်း အမျိုးသမီး များ လူကုန်ကူး ခံရမှု မရှိပေ။

အိမ်ထောင်ရေး အကြမ်းဖက်မှု မရှိကြောင်း တွေ့ရ သည်။ ရပ်မိရပ်ဖများ၊ ကျေးရွာ အုပ်ချုပ်ရေး အဖွဲ့အစည်းများတွင် အမျိုးသမီးများပါဝင်မှု မရှိပေ။ ကျားမတန်းတူညီမျှမှုနှင့် ပတ်သက်၍ အသိ ပညာပေးခြင်းများ၊ လူ့အခွင့်ရေးသင်တန်းများ၊ အမျိုးသမီးစွမ်းဆောင်ရည် မြှင့်သင်တန်းများ ဆောင်ရွက် ပေးခြင်းဖြင့် ကျား/မတန်းတူညီမျှမှုနှင့် ကျေးရွာဖွံ့ဖြိုးမှုအတွက် ပိုမိုအထောက်အပံ့ဖြစ် လာနိုင်ပါသည်။

မိုးကုတ်မြို့နယ်-လောင်းစင်ကျေးရွာအုပ်စု-ဗေဒွာနီကျေးရွာ-ဖွံ့ဖြိုးရေးကွင်းဆက်

စဉ်	ပြဿနာ	အကြောင်းရင်း	အခြေအနေ ကောင်းများ	အဟန့်အတားနှင့် စိန်ခေါ်မှု	ဖြေရှင်းမည့်နည်း လမ်းများ	အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ
၁။	ရွာတွင်းလမ်း မကောင်း	- မြေသားလမ်းဖြစ် ခြင်း - မိုးတွင်းကာလ သွားလာရခက်ခဲခြင်း	- ကျေးရွာမှလုပ်အား ပါဝင်နိုင်ခြင်း	- ငွေကြေး - နည်းပညာ - စက်ယန္တရား	- သက်ဆိုင်ရာဌာန သို့ တင်ပြဆောင် ရွက်ရန်	ရွာတွင်းလမ်းကွန်ကရစ် ခင်းခြင်းစီမံချက်
၂။	အရေးပေါ်ကျန်းမာ ရေး အခက်အခဲရှိ	ဆေးပေးခန်း မရှိခြင်း	မြေနေရာပေးနိုင်ခြင်း	ငွေကြေး/ ခွင့်ပြုမိန့်	သက်ဆိုင်ရာကျန်း မာရေးဦးစီးဌာန သို့တင် ပြရန်	ဆေးပေးခန်းဆောက် လုပ်ခြင်းစီမံချက်
၃။	စိုက်ပျိုးရေး တိုးတက် လိုခြင်း	သီးနှံအထွက်နှုန်း ပိုမို ကောင်းမွန် လိုခြင်း	ကျေးရွာလူထုမှ စိတ်ပါ ဝင်စားမှုများခြင်း	နည်းပညာ	စိုက်ပျိုးရေးကုမ္ပဏီများ၊ စိုက်ပျိုး ရေးဦးစီးဌာနတို့နှင့် ချိတ်ဆက်ရန်	စိုက်ပျိုးရေးနည်းပညာ သင်တန်းဖွင့်လှစ်ရေး စီမံချက်
၄။	စာသင်ဆောင် လိုအပ်ခြင်း	-မူလတန်းကျောင်းရှိ - အလယ်တန်းရောက် ပါကအခြားရွာသွား တက်ရခြင်း	- ကျောင်းဆောက်ရန်မြေနေရာရှိခြင်း - တက်ရောက်သင်ကြား မည့်ကျောင်းသားများ ရှိခြင်း - မိဘဆရာအသင်းရှိပြီး ပညာရေးအတွက်စိတ်ဝင်စားမှုရှိခြင်း - ကျောင်းကော်မတီရှိပြီး ပညာရေးအတွက်ပူးပေါင်းပါဝင်မှုရှိခြင်း	- ငွေကြေး၊ - ပညာရေးဌာန ခွင့်ပြုမှု	- ပညာရေးဌာနသို့ လုပ်ထုံးလုပ်နည်း နှင့်အညီ တင်ပြ ဆောင်ရွက်ရန် - အလှူရှင်ရှာဖွေ ဆောင်ရွက်ရန်	- ပညာရေးကူညီထောက် ပံ့ပေးသောအသင်းအဖွဲ့ များနှင့်ဆက်သွယ်၍ ကျောင်းဆောင်ဆောက်လုပ်နိုင်ရေးစီမံချက် - အလယ်တန်းကျောင်း ဆောက်လုပ်ပေးနိုင်ရေး စီမံချက် - ပညာရေးဦးဌာနသို့ အချက်အလက်များ

စဉ်	ပြဿနာ	အကြောင်းရင်း	အခြေအနေ ကောင်းများ	အဟန့်အတားနှင့် စိန်ခေါ်မှု	ဖြေရှင်းမည့်နည်း လမ်းများ	အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ
						နှင့် တင်ပြခြင်း နှင့် ချိတ် ဆက်ဆောင်ရွက်ခြင်း၊

၄. ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

စဉ်	ကဏ္ဍ/ အကြောင်းအရာ	ဦးစားပေး အဆင့်
၁	ရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်းလုပ်ငန်း	၁
၂	ကျေးရွာစာသင်ကျောင်းတိုးချဲ့ခြင်း	၂
၃	ကျေးရွာဆေးပေးခန်းဆောက်လုပ်ခြင်း	၃
၄	စိုက်ပျိုးရေးနည်းပညာသင်တန်း	၄

မိုးကုတ်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ကော်မတီစာရင်း

လောင်းစင်ကျေးရွာအုပ်စု၊ ဗေဒွာနီကျေးရွာ

စဉ်	အမည်	အဖအမည်	ရာထူး	မွေးသက္ကရာဇ်	မှတ်ပုံတင်အမှတ်	ပညာအရည်အချင်း	ဖုန်းနံပါတ်	မှတ်ချက်
၁	ဦးလာလေး	ဦးဖီးလစ်	ဥက္ကဋ္ဌ	၆၄ နှစ်	၁၃/ဟပတ(နိုင်)၀၀၄၇၅၇	၅ တန်း	၀၉-၇၉၃၀၁၀၉၂	
၂	ဦးငွါးသား	ဦးယောဟန်	အတွင်းရေးမှူး	၂၈ နှစ်	၉/မကန(နိုင်)၁၅၆၆၁၀	B.A(Eco)	၀၉-၇၈၀၂၉၅၂၆၀	
၃	ဦးဗျာဆာ	ဦးဗျာလေး	ဘဏ္ဍာရေးမှူး	၃၉ နှစ်	-	၄ တန်း	-	
၄	ဒေါ်ငွါးမူမီး	ဦးစေဟာရီ	စာရင်းကိုင်	၄၅ နှစ်	၉/မကန(နိုင်)၀၂၈၇၁၅	၄ တန်း	-	
၅	ဒေါ်ဗျာမလေး	ဦးဗျာဝူ	သော့ကိုင်	၂၉ နှစ်	-	၄ တန်း	၀၉-၇၈၉၀၅၅၁၀	
၆	ဦးမာခေါ	ဦးမာဒီစီ	အဖွဲ့ဝင်	၃၇ နှစ်	-	၉ တန်း	-	
၇	ဒေါ်လာမူ	ဦးလာလေး	အဖွဲ့ဝင်	၃၄ နှစ်	၉/မကန(နိုင်)၁၆၁၂၁၁	၁၀ တန်း	၀၉-၇၇၈၇၀၅၃၇၁	*

ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ

(၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ

(က) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း
၁ နှစ် အောက်	နို့စို့အရွယ်	၄	၂	၆
၁ နှစ်မှ ၄ နှစ်	၅နှစ်အောက်ကလေးငယ်	၅	၁၂	၁၇
၅ နှစ်မှ ၉ နှစ်	မူလတန်းကျောင်းသားအရွယ်	၁၄	၁၃	၂၇
၁၀ နှစ်မှ ၁၄ နှစ်	အလယ်တန်းကျောင်းသားအရွယ်	၁၅	၁၄	၂၉
၁၅ နှစ်မှ ၆၄ နှစ်	အလုပ်လုပ်နိုင်သည့်အရွယ်	၇၈	၆၁	၁၃၉
၆၅ နှစ်နှင့် အထက်	သက်ကြီးရွယ်ကြီး	၅	၇	၁၂
စုစုပေါင်း		၁၂၁	၁၀၉	၂၃၀
စုစုပေါင်း အိမ်ထောင်စု				၅၂

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ ဗေဒ္ဒာနီကျေးရွာတွင် အိမ်ထောင်စု(၅၂)စုရှိပြီး စုစုပေါင်းလူဦးရေမှာ (၂၃၀) ဦးရှိသည်။ ကျေးရွာမှာ မသန်စွမ်းသူ (မ-၂)ဦးရှိပါသည်။ မွေးဖွားနှုန်းမှာ (၄.၄၂%)ဖြစ်သည်။ မြန်မာနိုင်ငံ၏ လူဦးရေတစ်အိမ်ထောင် ပျမ်းမျှနှုန်း (၅%)အောက်ရှိသည်။

(ခ)အလုပ်လုပ်နိုင်သူ အင်အား

(ခ-၁)လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဧယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
စိုက်ပျိုးစီးပွား လုပ်ငန်းများ					
၁	**လယ်ယာစိုက်ပျိုးရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၃၂	၇၈	၀	မြင့် လတ် နိမ့်
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် လတ် နိမ့်
၂	**တိရစ္ဆာန် မွေးမြူရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် လတ် နိမ့်
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် လတ် နိမ့်
၃	**ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊မွေးမြူခြင်း)**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် လတ် နိမ့်
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် လတ် နိမ့်
၄	သစ်တောလုပ်ငန်း				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် လတ် နိမ့်

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	အလုပ်သမား / ဝန်ထမ်း	၀	၀	၁၅	မြင့် လတ် နိမ့်
စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ					
၅	**သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် လတ် နိမ့်
	အလုပ်သမား / ဝန်ထမ်း	၀	၀	၄၅	မြင့် လတ် နိမ့်
၆	**ထုတ်ကုန်လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် လတ် နိမ့်
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် လတ် နိမ့်
၇	**လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် လတ် နိမ့်
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် လတ် နိမ့်
၈	**ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် လတ် နိမ့်
	အလုပ်သမား / ဝန်ထ	၀	၀	၀	မြင့် လတ် နိမ့်

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	မ်း				
၉	ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများပြင်ဆင်ရေး				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် လတ် နိမ့်
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် လတ် နိမ့်
၁၀	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် လတ် နိမ့်
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် လတ် နိမ့်
၁၁	လက်လီ- လက်ကား ရောင်းဝယ်ရေး				
	ကိုယ်ပိုင် လုပ်ငန်း	၁၈	၃၅	၀	မြင့် လတ် နိမ့်
	အလုပ်သမား / ဝန်ထမ်း	၀	၄၅	၀	မြင့် လတ် နိမ့်
၁၂	ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် လတ် နိမ့်
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် လတ် နိမ့်
၁၃	ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး				

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် လတ် နိမ့်
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် လတ် နိမ့်
၁၄	**ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် လတ် နိမ့်
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် လတ် နိမ့်
၁၅	**အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် လတ် နိမ့်
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် လတ် နိမ့်
၁၆	**ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ကာကွယ်ရေးနှင့်ဘေးကင်းလုံခြုံရေး)**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် လတ် နိမ့်
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် လတ် နိမ့်
၁၇	**ပညာရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် လတ် နိမ့်

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် လတ် နိမ့်
၁၈	**ကျန်းမာရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် လတ် နိမ့်
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် လတ် နိမ့်
၁၉	**လူမှုရေး လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် လတ် နိမ့်
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် လတ် နိမ့်
၂၀	**အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	☒
	အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား	၅	၁၂	၃၀	
၂၁	**ပြင်ပအဖွဲ့အစည်းများနှင့်ကုမ္ပဏီများတွင်လုပ်ကိုင်သူများ**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် လတ် နိမ့်

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် လတ် နိမ့်
	စုစုပေါင်း	၅၂	၁၃၀	၂၀	☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက် - ကျေးရွာရှိ အိမ်ထောင်စုအားလုံးသည် စိုက်ပျိုးရေးကို အဓိကထားလုပ်ကိုင်ကြပြီး ဈေးအရောင်းအဝယ်ပူးတွဲလုပ်ကိုင်ကြသည်။ အလုပ်လုပ်နိုင်သည့်အရွယ် (၁၅၀)ဦးခန့်ရှိသည်။ ကျေးရွာတွင် ကျောက်ထုတ်လုပ်ငန်းကို လုပ်ကိုင်ကြပြီး အချို့မှာ ဝါးခုတ်၊ မျဉ်ချိုးလုပ်ငန်းလုပ်ကိုင်ကြသည်။

(ခ-၂) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခန့်မှန်းထား

ဇယား (၃) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခန့်မှန်းထား

စဉ်	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၁	လယ်ယာစိုက်ပျိုးရေး	နေ့စား	၁၀၀၀၀	၆၀၀၀	၈၀၀၀	၄၀၀၀
၂	တိရစ္ဆာန်မွေးမြူရေး	နေ့စား	၀	၀	၀	၀
၃	ငါးလုပ်ငန်း (ရေချို/ရေငန်ငါးဖမ်းခြင်း၊မွေးမြူခြင်း)	နေ့စား	၀	၀	၀	၀
၄	သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်	နေ့စား	၀	၀	၀	၀

စဉ်	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
	များ ထုတ်လုပ်ခြင်း					
၅	ထုတ်ကုန်လုပ်ငန်း	နေ့စား	၀	၀	၀	၀
၆	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း	နေ့စား	၈၀၀၀	၅၀၀၀	၇၀၀၀	၄၀၀၀
၇	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး	နေ့စား	၀	၀	၀	၀
၈	လက်လီ-လက်ကား ရောင်းဝယ်ရေး	နေ့စား	၀	၀	၀	၀
၉	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)	နေ့စား	၀	၀	၀	၀
၁၀	ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်း	နေ့စား	၀	၀	၀	၀

ရင်းမြစ်...ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊လယ်သမားအုပ်စု။

မှတ်ချက်(၁) လခစားအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (လစာ÷၂၂.၇၅)

(၂) နာရီတွက်ဖြင့်ရသောအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)

လေ့လာတွေ့ရှိချက်။ ။ဗဒ္ဒာနီကျေးရွာ၏ စိုက်ပျိုးရေးလုပ်ငန်းများတွင် နေ့စားခမှာ ကျားအများဆုံး ၁၀၀၀၀ကျပ်နှင့် မအများဆုံးမှာ ၈၀၀၀ကျပ်ဖြစ်သည်။ လက်သမားပန်းရံကဲ့သို့လုပ်ငန်းများတွင် ကျားအများဆုံး လုပ်ခ ၈၀၀၀မှ ၅၀၀၀ကျပ်အထိရှိပြီး အမျိုးသမီးအနေဖြင့် ၇၀၀၀ မှ ၄၀၀၀ကျပ်အထိရှိသည်။ ၁ နာရီလုပ်အားခနှုန်းမှာ ကျား ၁၂၅၀ကျပ်နှင့် မ ၇၅၀ကျပ်အထိဖြစ်သည်။

(ဂ) သဘာဝရင်းမြစ်များ

(ဂ-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာအရည်အသွေး (မှန်ရာတစ်ခုကိုသာရွေးရန်)
လယ်မြေ	၅၃.၀၀	ကောင်း သင့် ညံ့
ယာမြေ / တောင်ယာမြေ	၈၃.၀၀	ကောင်း သင့် ညံ့
ဥယျာဉ်ခြံမြေ	၂၁.၀၀	ကောင်း သင့် ညံ့
ကိုင်း/ ကျွန်းမြေ	၀.၀၀	ကောင်း သင့် ညံ့
ဓနိတောမြေ	၀.၀၀	ကောင်း သင့် ညံ့
စားကျက်မြေ	၀.၀၀	ကောင်း သင့် ညံ့
မြေလွတ်မြေလပ်	၀.၀၀	ကောင်း သင့် ညံ့
စုစုပေါင်း	၁၅၇.၀၀	☒

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၃) လယ်ယာ မြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက် - ဗေဒွာနီကျေးရွာတွင် လယ်(၅၃)ဧက၊ ယာ/တောင်ယာ(၈၃)ဧကနှင့် ဥယျာဉ်ခြံမြေ (၂၁)ဧကသာရှိပြီး မြေဆီလွှာ အရည်အသွေးအသင့်အတင့်ရှိသည်။

(၈-၂) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

အမျိုးအစား	ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင်သဘာဝအတိုင်းတွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)	အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)
သတ္တုနှင့်အခြားတွင်းထွက်သယံဇာ	များ သင့် နဲ	လွယ် ခက် အ

အမျိုးအစား	ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင်သဘာဝအတိုင်းတွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)	အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)
တများ (ဓာတ်ငွေ့၊ရေနံ၊ကျောက်မျက်စသည်။)	ည်း မရှိ	သုံးမပြုနိုင်ပါ
ကျောက်၊သဲ၊ကျောက်စရစ်စသည်များ	များ သင့် နေ ည်း မရှိ	လွယ် ခက် အသုံးမပြုနိုင်ပါ
သဘာဝအပင်မျိုးစိတ်များ(နွားစာ၊ဆေးဘက်ဝင်အပင်များ)	များ သင့် နေ ည်း မရှိ	လွယ် ခက် အသုံးမပြုနိုင်ပါ
သဘာဝတိရစ္ဆာန်မျိုးစိတ်များ	များ သင့် နေ ည်း မရှိ	☒

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာအနီးတွင်ကျောက်မြက်ရတနာများဖြစ်သော ပတ္တမြား၊ နီလာ၊ ထပ်တရာ၊ စလင်းများထွက်ရှိပြီး ဒေသခံများအနေဖြင့် လွတ်လပ်လွယ်ကူစွာရှာဖွေတူးဖော်နိုင်ခြင်း မရှိပါ။ တောတောင်သဘာဝရေမြေကောင်းမွန်သောကြောင့် ဆေးဖက်ဝင်အပင်အချို့လည်း ကျေးရွာ အနီးပတ်ဝန်းကျင်တွင်ရှိပါသည်။

(ဃ)ဥစ္စာဓနအဆင့် အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

အကြောင်းအရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိသောအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည်သောအိမ်ထောင်စု

အကြောင်းအရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ် ရှိသောအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည်သောအိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	အလွန်နည်း (သို့) မရှိ
အိမ်အခြေအနေ	အလွန်ကောင်း	အသင့်အတင့် ကောင်း	ညံ့	အလွန်ညံ့
ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သောပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	မရှိ
အဓိကစီးပွားရေး လုပ်ငန်း	စီးပွား (ဝင်ငွေ) အလွန်ကောင်း	စီးပွား (ဝင်ငွေ) အသင့်အတင့်	စီးပွား (ဝင်ငွေ) နည်း	စီးပွား (ဝင်ငွေ) အလွန်နည်း
အိမ်ထောင်စု	၉	၁၉	၁၄	၁၀

ရင်းမြစ်... (၁) ကျေးရွာလုံးကျွတ်အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ ။ ဗေဠာနီကျေးရွာတွင် အဆင်ပြေသောအိမ်ထောင်စုမှာ (၁၇.၃%)၊ အလယ်အလတ်မှာ (၃၆.၅%)၊ မပြေလည်သောအိမ်ထောင်စုမှာ (၂၆.၉%)နှင့် အလွန်မပြေလည်သောအိမ်ထောင်စုမှာ စုစုပေါင်းအိမ်ထောင်စု၏ (၁၉.၂%) ရှိပါသည်။

(c) ထိခိုက်လွယ်မှု

(c-၁) ဝမ်းစာ ဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာ ဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)

အချိန်ကာလ	အိမ်ထောင်စု အရေအတွက်	ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်းတစ်ခုစီအလိုက်အိမ်ထောင်စုအရေအတွက်များကိုဖော်ပြရန်)
၃လအောက်ဝမ်းစာဖူလုံမှု	၀	အခြားအစာပြောင်းလဲစား = ၀ အစာလျှော့စား = ၀ အထောက်အပံ့ယူ = ၀ ချေးယူ = ၀ လုပ်အားခကြိုယူ = ၀
၃လနှင့်၆လကြားဝမ်းစာဖူလုံမှု	၀	အခြားအစာပြောင်းလဲစား = ၀ အစာလျှော့စား = ၀ အထောက်အပံ့ယူ = ၀ ချေးယူ = ၀ လုပ်အားခကြိုယူ = ၀
၆လမှ၁၂လအထိဝမ်းစာဖူလုံမှု	၀	အခြားအစာပြောင်းလဲစား = ၀ အစာလျှော့စား = ၀ အထောက်အပံ့ယူ = ၀ ချေးယူ = ၀ လုပ်အားခကြိုယူ = ၀

ရင်းမြစ်..ဥစ္စာဓနအဆင့် “၃” နှင့် “၄” အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။ ။ဗေဒ္ဒါနီကျေးရွာတွင် ဝမ်းစာဖူလုံမှုကောက်ယူထားခြင်းမရှိပါ။

(ဇ-၂) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

အကြောင်းအရာ	ကျား	မ	ပေါင်း
မိသားစုစောင့်ရှောက်မှုမရှိသောသက်ကြီးရွယ်အိုဖြင့်နှစ်နှင့်အထက်	၀	၀	၀
မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသောမသန်စွမ်းသည့်ပုဂ္ဂိုလ်	၀	၀	၀
	အိမ်ထောင်စုအရေအတွက်		
ဆင်းရဲ၍မိသားစုဦးရေများသည့်အမျိုးသမီးဦးဆောင်အိမ်ထောင်စု			၀
ဆင်းရဲ၍မိသားစုဦးရေများသည့်မုဆိုးဖို/ တစ်ခုလပ်အိမ်ထောင်စု			၀
အခြားဒေသသို့ကြာမြင့်စွာသွားရောက်နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့်အိမ်ထောင်စု			၀

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။။။ဗေဒ္ဒါနီကျေးရွာတွင် မိသားစုစောက်ရှောက်မှုမရှိသောသက်ကြီးရွယ်အိုနှင့် မိသားစုစောက်ရှောက်မှုမရှိသောမသန်စွမ်းသည့်ပုဂ္ဂိုလ်မရှိပါ။ မိသားစုစောင့်ရှောက်မှုရှိသည့် အသန်စွမ်းသူ(၂)ဦးရှိပါသည်။

(၄-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား(အခြေအနေ)	ထိခိုက်လွယ်မှု(မှန်ရာတစ်ခုကိုသာရွေးရန်)		
၁	စားနပ်ရိက္ခာမဖူလုံမှု	မြင့်တ်ရှိ	လ နိမ့်	မ
၂	သဘာဝရင်းမြစ်ရှားပါးမှု (မြေဖိုက်ပျိုးရေ)	မြင့်တ်ရှိ	လ နိမ့်	မ
၃	ရေကြီးခြင်း	မြင့်တ်ရှိ	လ နိမ့်	မ
၄	မိုးခေါင်ခြင်း	မြင့်တ်ရှိ	လ နိမ့်	မ
၅	အအေးလွန်ကဲခြင်း	မြင့်တ်ရှိ	လ နိမ့်	မ
၆	မုန်တိုင်း	မြင့်တ်ရှိ	လ နိမ့်	မ
၇	ငလျင်	မြင့်တ်ရှိ	လ နိမ့်	မ
၈	မီးဘေး	မြင့်တ်ရှိ	လ နိမ့်	မ

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား(အခြေအနေ)	ထိခိုက်လွယ်မှု(မှန်ရာတစ်ခုကိုသာရွေးရန်)		
၉	ဆားငန်ရေဝင်မြေ	မြင့်တ်ရှိ	လနိမ့်	မ
၁၀	မြေပြိုခြင်း၊မြေဆီလွှာပျက်ယွင်းမှု	မြင့်တ်ရှိ	လနိမ့်	မ
၁၁	သစ်တောပြုန်းတီးခြင်း	မြင့်တ်ရှိ	လနိမ့်	မ
၁၂	၄က်ဖျားရောဂါ	မြင့်တ်ရှိ	လနိမ့်	မ
၁၃	တီဘီရောဂါ	မြင့်တ်ရှိ	လနိမ့်	မ
၁၄	ကိုယ်ခံအားကျဆင်းမှုရောဂါ	မြင့်တ်ရှိ	လနိမ့်	မ
၁၅	ပြည်တွင်းပဋိပက္ခ	မြင့်တ်ရှိ	လနိမ့်	မ
၁၆	တိရစ္ဆာန်ကူးစက်ရောဂါကျရောက်မှု	မြင့်တ်ရှိ	လနိမ့်	မ
၁၇	လူကုန်ကူးခြင်း	မြင့်တ်	လနိမ့်	မ

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား(အခြေအနေ)	ထိခိုက်လွယ်မှု(မှန်ရာတစ်ခုကိုသာရွေးရန်)
		ရှိ
၁၈	ဝေးလံခေါင်သီ/လမ်းပန်းဆက်သွယ်ရေးခက်ခဲစသည်	မြင့် လ တ် နိမ့် မ ရှိ

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။။။ ထိခိုက်သက်ရောက်လွယ်မှုဆိုရာ၌ ကျေးရွာတွင် စားနပ်ရိက္ခာမဖူလုံခြင်း၊ ရေကြီးခြင်း၊ မိုးခေါင်ခြင်းစသည့်အခြေအနေများ ဖြစ်ပေါ်ခြင်းရှိပါက ယင်းဖြစ်စဉ်များအတွက် ကျေးရွာသူရွာသားများ ထိခိုက်သက်ရောက်မှု ရှိနိုင်ပါသလား။ ထိခိုက်မှုရှိပါက ကျေးရွာ၏ မည်သို့သော အိမ်ထောင်စုများနှင့် အိမ်ထောင်စုမည်မျှ ထိခိုက်သက်ရောက်မှု ခံစားကြရပါသလဲ။ (ဥပမာ။ ။

အိမ်ထောင်စု ၁၀၀ တွင် ၂၅ အိမ်ထောင်စု အောက် - နိမ့်

အိမ်ထောင်စု ၁၀၀ တွင် ၂၅ မှ ၅၀ အိမ်ထောင်စု - လတ်

အိမ်ထောင်စု ၁၀၀ တွင် ၅၀ အိမ်ထောင်စု အထက် - မြင့်)

လေ့လာတွေ့ရှိချက်။ ။ ဗဒ္ဒာနီကျေးရွာတွင် ထိခိုက်လွယ်မှုအနေဖြင့် သဘာဝရင်းမြစ်၊ မြေပြိုခြင်းနှင့် သစ်တောပြုန်းတီးခြင်းများတွင် အနည်းငယ်တွေ့ရှိရသည်။

(၄-၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

စဉ်	ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)
၁	လူငယ်	မြင့် လတ် နိမ့် မရှိ
၂	အမျိုးသမီးဦးဆောင်သည့်ဆင်းရဲသည့်အိမ်ထောင်စု	မြင့် လတ် နိမ့် မရှိ
၃	မြေယာမဲ့၊ဆင်းရဲသားတောင်သူ	မြင့် လတ် နိမ့် မရှိ
၄	သဘာဝဘေးဒဏ်ဆိုးရွားစွာကျရောက်နိုင်သော	မြင့် လတ် နိ

စဉ်	ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)		
	အိမ်ထောင်စု/ ကူးစက်ရောဂါထူပြောသောဒေသတွင်နေထိုင်သူ	မ့်	မရှိ	
၅	မြစ်ကမ်းဘေးနေထိုင်သူများ	မြင့်တ်ရှိ	လနိမ့်	မ
၆	မတော်တဆမှုဖြစ်နိုင်ခြေများသောနေရာ(Prone to accident)တွင်နေထိုင်သူများ	မြင့်တ်ရှိ	လနိမ့်	မ
၇	ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ(IDP)	မြင့်တ်ရှိ	လနိမ့်	မ
၈	မြေနိမ့်ပိုင်းနေထိုင်သူများ	မြင့်တ်ရှိ	လနိမ့်	မ
၉	ငါးကန်ပိုင်ရှင်များ	မြင့်တ်ရှိ	လနိမ့်	မ
၁၀	လက်လုပ်လက်စားများ၊ကျပန်းများ	မြင့်တ်ရှိ	လနိမ့်	မ
၁၁	လူနည်းစုလူမျိုးများ	မြင့်တ်ရှိ	လနိမ့်	မ
၁၂	ဒေသတွင်းပဋိပက္ခဧရိယာတွင်နေထိုင်သူများ	မြင့်တ်	လနိမ့်	မ

စဉ်	ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)
		ရှိ
၁၃	နယ်စပ်ဒေသတွင်နေထိုင်သူများ	မြင့်တ်ရှိ လနိမ့် မ
၁၄	ရွှေတွင်းလုပ်သားများ	မြင့်တ်ရှိ လနိမ့် မ
၁၅	ဆေးစွဲသူများ	မြင့်တ်ရှိ လနိမ့် မ
၁၆	ကူးစက်ရောဂါရနိုင်ခြေရှိသောသူများ	မြင့်တ်ရှိ လနိမ့် မ
၁၇	လှည့်လည်သွားလာ၍ဈေးရောင်းသူများ	မြင့်တ်ရှိ လနိမ့် မ
၁၈	နေရပ်ပြန်အခြေချသူများ	မြင့်တ်ရှိ လနိမ့် မ
၁၉	ရွှေပြောင်းလုပ်သားများ	မြင့်တ်ရှိ လနိမ့် မ
၂၀	ကားမောင်းပြီးအသက်မွေးသူများ	မြင့်တ် လနိမ့် မ

စဉ်	ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)
		ရှိ

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။။။ ကျေးရွာရှိ လူငယ်များ၊ အမျိုးသမီးဦးဆောင်သောအိမ်ထောင်စုများ စသည်တို့သည် မည်သို့သောအခြေအနေများတွင် လွယ်လွယ်ကူကူ ထိခိုက်သက်ရောက်မှု ရှိနိုင်ပါသလား။ ထိခိုက်မှုရှိပါက မည်မျှအထိ ထိခိုက်ကြပါသနည်း။

လေ့လာတွေ့ရှိချက်။ ။ ဗေဠာနီကျေးရွာတွင် ထိခိုက်သက်ရောက်မှု ခံရသူများအနေဖြင့် လူငယ်များ၊ လက်လုပ်လက်စားများ၊ ဆင်းရဲသားတောင်သူ ကျပန်းများနှင့် ကျောက်တွင်းလုပ်ကိုင်သူများ ဖြစ်သည်။

(၂)ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

(က)ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ

(က-၁)ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်းအမည်	အမျိုးအစား(မှန်ရာတစ်ခုကိုသာရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု(မှန်ရာတစ်ခုကိုသာရွေးရန်)
			ကျား	မ	ပေါင်း		
၁	ဘာသာရေးအဖွဲ့	၁ ၂ ၃	၂၀	၃၀	၅၀	ပညာရေး ငွေကြေး ကျန်းမာရေး ဘာသာရေး စိုက်ပျိုးမွေးမြူရေး သာရေးနာရေး၊လူမှုဖွံ့ဖြိုး/	ကောင်းသင့်သည့်

စဉ်	အဖွဲ့အစည်းအမည်	အမျိုးအစား(မှန်ရာတစ်ခုကိုသာရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု(မှန်ရာတစ်ခုကိုသာရွေးရန်)
			ကျား	မ	ပေါင်း		
						ရေး လုံခြုံရေးနှင့် ကာကွယ်ရေး	
၂	လူမှုရေးအဖွဲ့	၁ ၂ ၃	၁၀	၅	၁၅	ပညာရေး ငွေကြေးကျန်းမာရေး ဘာသာရေး စိုက်ပျိုးမွေးမြူရေး သာရေးနာရေး၊လူမှုဖွံ့ဖြိုးရေး လုံခြုံရေးနှင့် ကာကွယ်ရေး	ကောင်းသင့်သည့်
၃	လူငယ်အဖွဲ့	၁ ၂ ၃	၃၀	၀	၃၀	ပညာရေး ငွေကြေးကျန်းမာရေး ဘာသာရေး စိုက်ပျိုးမွေးမြူရေး သာရေးနာရေး၊လူမှုဖွံ့ဖြိုးရေး လုံခြုံရေးနှင့် ကာကွယ်ရေး	ကောင်းသင့်သည့်

စဉ်	အဖွဲ့အစည်းအမည်	အမျိုးအစား(မှန်ရာတစ်ခုကိုသာရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု(မှန်ရာတစ်ခုကိုသာရွေးရန်)
			ကျား	မ	ပေါင်း		
၄	အပျိုအဖွဲ့	၁ ၂ ၃	၀	၂၇	၂၇	ပညာရေး ငွေကြေးကျန်းမာရေး ဘာသာရေး စိုက်ပျိုးမွေးမြူရေး သာရေးနာရေး၊လူမှုဖွံ့ဖြိုးရေး လုံခြုံရေးနှင့် ကာကွယ်ရေး	ကောင်းသင့်သည့်
၅	ကျောင်းကော်မတီ	၁ ၂ ၃	၃	၂	၅	ပညာရေး ငွေကြေးကျန်းမာရေး ဘာသာရေး စိုက်ပျိုးမွေးမြူရေး သာရေးနာရေး၊လူမှုဖွံ့ဖြိုးရေး လုံခြုံရေးနှင့် ကာကွယ်ရေး	ကောင်းသင့်သည့်
၆	မီးကော်မတီ	၁ ၂	၇	၀	၇	ပညာရေး ငွေကြေးကျန်းမာရေး ဘာသာရေး စိုက်ပျိုးမွေးမြူရေး သာရေးနာရေး၊လူမှုဖွံ့ဖြိုးရေး	ကောင်းသင့်သည့်

စဉ်	အဖွဲ့အစည်းအမည်	အမျိုးအစား(မှန်ရာတစ်ခုကိုသာရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု(မှန်ရာတစ်ခုကိုသာရွေးရန်)
			ကျား	မ	ပေါင်း		
						ရေး လုံခြုံရေးနှင့် ကာကွယ်ရေး	
၇	ရေကော်မတီ	၁ ၂ ၃	၅	၀	၅	ပညာရေး ငွေကြေးကျန်းမာရေး ဘာသာရေး စိုက်ပျိုးမွေးမြူရေး သာရေးနာရေး၊လူမှုဖွံ့ဖြိုး/ရေး လုံခြုံရေးနှင့် ကာကွယ်ရေး	ကောင်းသင့်သည့်

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

အုပ်စုအမျိုးအစား

(၁)စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။

(၂)လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃)ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

လေ့လာတွေ့ရှိချက်။ ။ ဗေဠာနီကျေးရွာတွင် လူထုအခြေပြုအဖွဲ့အစည်း(၇)ဖွဲ့ရှိပြီး ဘာသာရေးအဖွဲ့ တစ်ဖွဲ့ရှိသည်။

(က-၂)ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ

စဉ်	အမည်	အဖွဲ့အစည်းအမျိုးအစား (မှန်ရာတစ်ခုကိုသာရွေးရန်)	အဖွဲ့အစည်း၏လုပ်ငန်းတာဝန်များနှင့်အစီအစဉ် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်)
၁		၁ ၂ ၂ ၄ ၃ ၆ ၇	ပညာရေး ငွေ ကြေး ကျန်းမာ ရေး ဘာသာ ရေး စိုက်ပျိုးမွေးမြူ ရေး သာရေး/နာရေး၊လူမှု ဖွံ့ဖြိုးရေး
၂		၁ ၂ ၂ ၄ ၃ ၆ ၇	ပညာရေး ငွေ ကြေး ကျန်းမာ ရေး ဘာသာ ရေး စိုက်ပျိုးမွေးမြူ ရေး သာရေး/နာရေး၊လူမှု ဖွံ့ဖြိုးရေး
၃		၁ ၂ ၃ ၄ ၅ ၆ ၇	ပညာရေး ငွေ ကြေး ကျန်းမာ ရေး ဘာသာ ရေး စိုက်ပျိုးမွေးမြူ ရေး သာရေး/နာရေး၊လူမှု ဖွံ့ဖြိုးရေး
၄		၁ ၂ ၂ ၄ ၃ ၆ ၇	ပညာရေး ငွေ ကြေး ကျန်းမာ ရေး ဘာသာ ရေး စိုက်ပျိုးမွေးမြူ ရေး သာရေး/နာရေး၊လူမှု ဖွံ့ဖြိုးရေး
၅		၁ ၂ ၂ ၄	ပညာရေး ငွေ ကြေး ကျန်းမာ

စဉ်	အမည်	အဖွဲ့အစည်းအမျိုးအစား (မှန်ရာတစ်ခုကိုသာရွေးရန်)	အဖွဲ့အစည်း၏လုပ်ငန်းတာဝန်များနှင့်အစီအစဉ် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်)
		၅ ၆ ၇	ရေး ဘာသာ ရေး စိုက်ပျိုးမွေးမြူ ရေး သာရေး/နာရေး၊လူမှု ဖွံ့ဖြိုးရေး
၆		၁ ၂ ၃ ၄ ၅ ၆ ၇	ပညာရေး ငွေ ကြေး ကျန်းမာ ရေး ဘာသာ ရေး စိုက်ပျိုးမွေးမြူ ရေး သာရေး/နာရေး၊လူမှု ဖွံ့ဖြိုးရေး

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။

(၁) ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ) (ဥပမာ – ဓမ္မစကူးလ် ဖောင်ဒေးရှင်း၊ Christian Aid Missions စသည်)

(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ပြည်ပ) (ဥပမာ –Care International, Save the Children, Gret, Pact Myanmar စသည်)

(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း

(၄) နိုင်ငံအများ၏ ရန်ပုံငွေဖြင့်ဆောင်ရွက်သော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ-ကုလသမဂ္ဂအဖွဲ့၊ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)

(၅) နိုင်ငံတစ်ခု၏ ရန်ပုံငွေဖြင့် ဖွဲ့စည်းထားသော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ GIZ, UKAid, USAid, စသည်)

(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ ပြည်ပ)

(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ

နိုင်ငံတော်မှ ဒေသအကျိုး၊ ပြည်သူ့အကျိုးကို ထိရောက်စွာထမ်းဆောင်နိုင်စေရန်အလို့ငှာ ဥပဒေ၊ နည်းဥပဒေ၊ လမ်းညွှန်ချက်များဖြင့် ပြဋ္ဌာန်းကာ ဖွဲ့စည်းပေးထားနေသော အဖွဲ့အစည်း၊ အသင်းအဖွဲ့

များ (ဥပမာ - သမဝါယမဦးစီးဌာန၏ သမဝါယမအသင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ မြစိမ်းရောင် စသည်) တို့ကို ဤဇယားတွင် ထည့်သွင်းဖော်ပြခြင်း မပြုပါရန်။

လေ့လာတွေ့ရှိချက်။ ။ဗေဒဂျာနီကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် ဌာနဆိုင်ရာမှလွဲပြီး ပြင်ပ အဖွဲ့အစည်းများနှင့် ချိတ်ဆက်မှုမရှိသေးပါ။

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(ခ-၁) သီးနှံထုတ်လုပ်ရေး

(၁) စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား (၁၃) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

စဉ်	မြေပိုင်ဆိုင်မှုအရွယ်အစား	အိမ်ထောင်စုအရေအတွက်	ဖွံ့ဖြိုးရေးအမြင်သတ်မှတ်ချက်
၁	မြေယာမဲ့	၀	မြေမဲ့ယာမဲ့
၂	၂.၅ဧကအောက်	၂၅	ဆင်းရဲသားတောင်သူ
၃	၂.၅ဧကမှ၅ဧကကြား	၂၈	တောင်သူငယ်
၄	၅ဧကမှ၁၂.၅ဧကကြား		တောင်သူလတ်
၅	၁၂.၅ဧကအထက်		တောင်သူကြီး
ကျေးရွာရှိအိမ်ထောင်စုစုစုပေါင်း		၅၂	☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ဗေဒဂျာနီကျေးရွာတွင် အိမ်ထောင်စုတိုင်း မြေယာပိုင်ဆိုင်ကြပြီး အများစုမှာ ၂.၅ဧကအောက်နှင့် ၂.၅ဧကမှ ၅ဧက အကြားပိုင်ဆိုင်ကြသည်။

(၂) အစိုးရနှင့် ပုဂ္ဂလိက ရေအရင်းအမြစ်များမှ ရေသွင်းနိုင်သည့် ဧရိယာ

ဇယား (၁၄) ကျေးရွာ၏ ရေအရင်းအမြစ်နှင့် ရေသွင်းဧရိယာ

စဉ်	အရင်းအမြစ်	ရေသောက်(ဧက)	ရေရရှိနိုင်မှု

			တစ်နှစ်ပတ်လုံး/ ရာသီအလိုက်(မှန်ရာတစ်ခုကိုသာရွေးရန်)	**လုံလောက်မှု (ရှိ/မရှိ)** (မှန်ရာတစ်ခုကိုသာရွေးရန်)
၁	ဆည်	၀.၀၀	တစ်နှစ်ပတ်လုံး ရာသီအလိုက် မဖြေဆိုပါ	ရှိ မရှိ မဖြေဆိုပါ
၂	ရေလွှဲဆည်	၀.၀၀	တစ်နှစ်ပတ်လုံး ရာသီအလိုက် မဖြေဆိုပါ	ရှိ မရှိ မဖြေဆိုပါ
၃	မြစ်ရေတင်စီမံကိန်း	၀.၀၀	တစ်နှစ်ပတ်လုံး ရာသီအလိုက် မဖြေဆိုပါ	ရှိ မရှိ မဖြေဆိုပါ
၄	ရေသွင်းမြောင်း	၀.၀၀	တစ်နှစ်ပတ်လုံး ရာသီအလိုက် မဖြေဆိုပါ	ရှိ မရှိ မဖြေဆိုပါ
၅	အဝီစိတွင်း	၀.၀၀	တစ်နှစ်ပတ်လုံး ရာသီအလိုက် မဖြေဆိုပါ	ရှိ မရှိ မဖြေဆိုပါ
၆	လက်ငင်းရေတွင်း	၀.၀၀	တစ်နှစ်ပတ်လုံး ရာသီအလိုက် မဖြေဆိုပါ	ရှိ မရှိ မဖြေဆိုပါ
၇	စိမ့်စမ်းရေ	၅၃.၀	တစ်နှစ်ပတ်လုံး ရာသီအလိုက်	ရှိ မရှိ

စဉ်	အရင်းအမြစ်	ရေသောက်(ဧက)	ရေရရှိနိုင်မှု	
			တစ်နှစ်ပတ်လုံး/ ရာသီအလိုက်(မှန်ရာတစ်ခုကိုသာရွေးရန်)	လုံလောက်မှု (ရှိ/မရှိ) (မှန်ရာတစ်ခုကိုသာရွေးရန်)
			မဖြေဆိုပါ	မဖြေဆိုပါ
၈	ချောင်းရေ	၀.၀၀	တစ်နှစ်ပတ်လုံး ရာသီအလိုက် မဖြေဆိုပါ	ရှိ မရှိ မဖြေဆိုပါ

ရင်းမြစ်... (၁) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၂) ဆည်မြောင်းဦးစီးဌာန၊စိုက်ပျိုးရေးဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ဗေဒ္ဒါနီကျေးရွာတွင် လယ်ယာစိုက်ပျိုးခြင်း၊ ဥယျာဉ်ခြံလုပ်ငန်းများအတွက် စိမ့်စမ်းရေကိုသာအသုံးပြုကြသည်။

(၃) အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား (၁၅) အဓိကသီးနှံများနှင့် အထွက်နှုန်း

သီးနှံ	စုစုပေါင်းစိုက်ဧက	တစ်ဧကအထွက်နှုန်း				သီးနှံစိုက်ပျိုးသည့်ကာလ		သွင်းအားစုလိုအပ်ချက် (မှန်ရာတစ်ခုကိုသာရွေးရန်)	အမြတ်ရရှိနိုင်မှု(မှန်ရာတစ်ခုကိုသာရွေးရန်)
		ယူနစ်	အနည်းဆုံး	အများဆုံး	ပျမ်းမျှ	မှ	ထိ		
စပါး	၅၃		၅၀	၆၀	၁၁	မေ	ဇူလိုင်	မြင့်လတ်နိမ့်	မြင့်လတ်နိမ့်
စပါး	၅၃		၁၀	၁၅	၁၂.၅	ဩဂုတ်	ဒီဇင်	မြင့်လ	မြင့်လတ်နိ

သီးနှံ	စုစုပေါင်းစိုက်ဧက	တစ်ဧကအထွက်နှုန်း				သီးနှံစိုက်ပျိုးသည့်ကာလ		သွင်းအားစုလိုအပ်ချက် (မှန်ရာတစ်ခုကိုသာရွေးရန်)	အမြတ်ရရှိနိုင်မှု(မှန်ရာတစ်ခုကိုသာရွေးရန်)
		ယူနစ်	အနည်းဆုံး	အများဆုံး	ပျမ်းမျှ	မှ	ထိ		
							ဘာ	တ် နိ မ့်	မ့်

ရင်းမြစ်...ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု။

လေ့လာတွေ့ရှိချက်။ ။ဗေဠာနီကျေးရွာတွင်စပါးကို အဓိကထားစိုက်ပျိုးကြပြီး အထွက်နှုန်းများအနေဖြင့် (၁)ဧကလျှင် (၅၀-၆၀)နှုန်းထွက်သည်။ အခြား ပင်မည့်၊ထောပတ်နှင့် လိုင်ချီးပင်များကိုလည်း စိုက်ပျိုးကြပါသည်။

(၄) လယ်ယာသုံး စက်ကိရိယာများ

ဇယား (၁၆) ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု

စက်အမျိုးအစား	တစ်ဦးချင်းပိုင်	ရွာပိုင်	အဖွဲ့ပိုင်	ငှားရမ်းလုပ်ကိုင်နေသောတောင်သူအရေအတွက်
ထွန်စက်	၂	၀	၀	၀
လက်တွန်းထွန်စက်	၀	၀	၀	၀
အစေ့ချကိရိယာ	၀	၀	၀	၀
ရိတ်သိမ်းခြွေလှေ့စက်	၀	၀	၀	၀
ရိတ်သိမ်းစက်	၀	၀	၀	၀
ခြွေလှေ့စက်	၀	၀	၀	၀
ရေစုပ်စက်	၀	၀	၀	၀
ခြေနင်းရေတင်စက်	၀	၀	၀	၀

စက်အမျိုးအစား	တစ်ဦးချင်းပိုင်	ရွာပိုင်	အဖွဲ့ပိုင်	ငှားရမ်းလုပ်ကိုင်နေသောတောင်သူအရေအတွက်
မြက်ရိတ်စက်	၁၉	၀	၀	၀

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု။

လေ့လာတွေ့ရှိချက်။ ။ဗေဒ္ဒါနီကျေးရွာတွင် ထွန်စက်(၂)လုံး၊ ခြံရှင်းရန်အတွက် မြက်ရိတ်စက် (၁၉)လုံးသာအသုံးပြုနိုင်ကြသည်။

(၅) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

ဇယား (၁၇) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

အခွင့်အလမ်း	ဖော်ပြချက်/ရှင်းလင်းချက် (မှန်ရာတစ်ခုကိုသာရွေးရန်။ဇယား၁၇နှင့်၁၈ကိုချိတ်ဆက်စစ်ဆေးပြီးမှဖြေဆိုရန်။ဖြေဆိုရန်မလိုအပ်ဟုယူဆသောအချက်များရှိပါက “မဖြေဆိုပါ” ဟူသောအကွက်ကိုရွေးရန်။)
သဘာဝရေမြေရာသီဥတုအနေအထား	အလွန်ကောင်း ကောင်း သင့်တင့်မျှတ မဖြေဆိုပါ
လယ်ယာမြေအသုံးချနိုင်မှု	အလွန်ကောင်း ကောင်း သင့်တင့်မျှတ မဖြေဆိုပါ
စိုက်ပျိုးရေအရင်းအမြစ်	ပေါများ အသင့်အတင့်ရှိ မဖြေဆိုပါ
ချေးငွေနှင့်ငွေကြေးဝန်ဆောင်မှု	အလွယ်တကူရသည် ရသည် မဖြေဆိုပါ
